ဝေငှချက် နှစ်

## ဘုရားသခင့်ပလ္လင်တော်၏ ရူပါရုံကိုမြင်ခြင်း၊
## ကမ္ဘာ့အခြေအနေနောက်ကွယ်ရှိ ဝိညာဉ်ရေးရာမြင်ကွင်း၊
## ဘုရားသခင့်စီမံခန့်ခွဲခြင်း၏ အလယ်ဗဟိုဖြစ်သည့် ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ဒံ၊၄း၁၇၊ ၂၆၊ ၃၄–၃၇။ ၇း၉–၁၀။ ၁၀း၄–၂၁။ ဗျာ၊၁း၄–၅။ ၄း၅။ ၅း၆

**I. ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံး၌ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအလယ်ဗဟိုဖြစ်သည့် ဘုရားသခင့်ပလ္လင်တော်၏ ဝိညာဉ်ရေးရာရူပါရုံကို မြင်ရန် လိုအပ်သည် – ဗျာ၊၄း၂။ ၅း၁။ ယေဇ၊၁း၂၆။**

က။ အုပ်စိုးစီမံနေသည့်အရှင်ဖြစ်သည့် ဘုရားသခင်သည် ကိုယ်တော့်စိတ်နှလုံးတော်အလိုတော်အတိုင်း၊ ကိုယ်တော်၏ ထာဝရစီမံကိန်းအတိုင်း ကိုယ်တော်အလိုရှိသည့်အရာကို သယ်ဆောင်ဖြစ်ပေါ်စေရန် လုပ်နိုင်စွမ်းအပြည့်အဝရှိသည် – ဗျာ၊၄း၁၁။ ဒံ၊၄း၃၅။ ရော၊၈း၁၈–၂၄။

ခ။ ပလ္လင်တော်ပေါ်မှ ဘုရားသခင်သည် မြင်ကွင်းနောက်ကွယ်မှ လူတိုင်းနှင့် အရာခပ်သိမ်းတိုင်းအပေါ် အုပ်စိုးလျက်ရှိနေသည် – ဟေရှာ၊၆း၁။ ၁ဘုရင်၊၂၂း၁၉။

၁။ ကမ္ဘာ့အခြေအနေနှင့် စပ်လျဉ်းသမျှ အရာခပ်သိမ်းသည် ပလ္လင်တော်ပေါ်တွင် ဆုံးဖြတ်သတ်မှတ်ခြင်းဖြစ်သည်။

၂။ ဘုရားသခင့်ပလ္လင်တော်၏ အုပ်စိုးမှု ပြင်ပမှ မည်သည့်အရာမျှ မဖြစ်ပျက်လာနိုင်ပါ – ယောဘ၊၁း၆–၁၂။ ၂း၁–၆။

ဂ။ ဗျာဒိတ်ကျမ်းသည် ဘုရားသခင့်စီမံခန့်ခွဲခြင်း၏ စာစောင်ဖြစ်ပြီး၊ ဘုရားဆိုင်ရာ စီမံခန့်ခွဲခြင်းအတွက် ဘုရားသခင်၏ ပလ္လင်တော်ကို ဖွင့်ပြထားသည် – ၄း၂။ ၅း၁။ ၆း၁၆။ ၇း၉။ ၈း၃။ ၂၁း၅။

၁။ ဗျာဒိတ်၊၄ နှင့် ၅ ရှိ ပလ္လင်တော်သည် ဘုရားဆိုင်ရာ အခွင့်အာဏာ၏ ပလ္လင်တော်ဖြစ်သည်။

၂။ အပြင်ပန်းအားဖြင့်၊ ပလ္လင်တော်သည် မျက်မြင်မရဖြစ်ပြီး၊ လူက သိနားလည်ရန် မဖြစ်နိုင်ဟု ထင်ရသည်။ အမှန်တကယ်တွင် ပလ္လင်တော်သည် နောက်ကွယ်မှ လူတိုင်းနှင့် အရာခပ်သိမ်းအပေါ် အုပ်စိုးလျက်ရှိသည်။

ဃ။ ဒံယေလစာစောင်က ကမ္ဘာပေါ်ရှိ ရှင်ဘုရင်အားလုံးနှင့် နိုင်ငံများအားလုံးသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအောက်တွင် ရှိကြောင်း ပြသထားသည် – ၇း၉–၁၀။ ၂း၃၄–၃၅။

၁။ နိမ်ရောဒမှ အန္တိခရစ်အထိ လူသားအစိုးရအားလုံးတို့သည် ကောင်းကင်များ၏ ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးမှုအောက်တွင် ရှိခဲ့ကြကာ၊ ဆက်လက်ရှိကြဦးမည်ဖြစ်သည် – ၇း၉–၁၂။

၂။ ဘုရားသခင်က နေဗုခဒ်နေဇာအား သူသည် ဘာမျှမဟုတ်ကြောင်း၊ အနန္တတန်ခိုးရှင် ဘုရားသခင်တည်းဟူသော လူတို့၏ နိုင်ငံအပေါ် အုပ်စိုးသောအရှင်၊ နိုင်ငံတော်ကို ပေးလိုသောသူအား ပေးပိုင်သောအရှင်သည် အရာခပ်သိမ်းဖြစ်ကြောင်း သိရှိစေရန် အလိုတော်ရှိခဲ့သည် – ၄း၃၄–၃၇။

၃။ ကမ္ဘာလောကတစ်ခုလုံး၏ အခြေအနေသည် ကောင်းကင်များ၏ ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးမှုအောက်တွင် ရှိနေသည် – အငယ်၊၂၆။

င။ ကောင်းကင်များ၏ ဘုရားသခင်က မြေကြီးပေါ် လူသားအစိုးရအားလုံးအပေါ် ကောင်းကင်များ၏ အုပ်စိုးခြင်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်းနှင့် ကိုက်ညီမှုရှိပြီး၊ ယင်းမှာ ခရစ်တော်သည် ဖန်ဆင်းခြင်းအသစ်ကို မွေးဖွားရန်အတွက် ဖန်ဆင်းခြင်းအသစ်ကို အဆုံးသတ်ခြင်းငှာလည်းကောင်း၊ လူသားအစိုးရ စုစုပေါင်းကို ရိုက်ချိုးကာ ဖျက်ဆီးရန်နှင့် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို တည်ထောင်ခြင်းငှာလည်း ဖြစ်သည် – ၂း၃၇၊ ၄၄။ ၄း၁၇။ ဗျာ၊၁၁း၁၅။

**II. ဒံယေလစာစောင်၏ အခန်း၊၁၀ သည် ကမ္ဘာ့အခြေအနေနောက်ကွယ်မှ ဝိညာဉ်ရေးရာမြင်ကွင်း၏ ရူပါရုံကို တင်ဆက်ပြသထားသည်။**

က။ ဝိညာဉ်ဆိုင်ရာကမ္ဘာ၌ ခရစ်တော်သည် ပထမနေရာတွင်ရှိသောအရှင် ဖြစ်သည်။ ထို့ကြောင့် အခန်း၊၁၀ ၌ ကိုယ်တော်ကို ဦးစွာပထမ ဖော်ပြခံရသည် – အငယ်၊၄–၉။

၁။ ဘုရားသခင့်လှုပ်ရှားမှု၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သည့် သာလွန်ထူးကဲသော ခရစ်တော်သည် ဒံယေလထံသို့ သူ၏ တန်ဖိုးထားခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ခွန်အားပေးခြင်း၊ မျှော်လင့်ခြင်းနှင့် တည်ငြိမ်စေခြင်းအတွက် လူတစ်ဦးအဖြစ် ပေါ်ထွန်းခဲ့သည်။

၂။ ဒံယေလမြင်ခဲ့သည့် ခရစ်တော်သည် အဖိုးထိုက်တန်သော၊ တန်ဖိုးရှိသော၊ ပြည့်စုံသော၊ စုံလင်သောအရှင်ဖြစ်သည်။

က။ လူဖြစ်လာသော ယေဟောဝါအနေဖြင့် ကိုယ်တော်သည် သူ၏ စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင့်လှုပ်ရှားမှု၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သည်။

ခ။ ယဇ်ပုရောဟိတ်အနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဂရုစိုက်နေသည်၊ ရှင်ဘုရင်အဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် အုပ်စိုးနေသည် – အငယ်၊၅။

ဂ။ ခရစ်တော်သည် ဒံယေလထံသို့ ကိုယ်တော်၏ အဖိုးထိုက်တန်ခြင်းနှင့် ဂုဏ်အသရေတော်၌လည်းကောင်း၊ လူများအပေါ် ထွန်းလင်းရန် ကိုယ်တော်၏ တောက်ပခြင်း၌လည်းကောင်း၊ ရှာဖွေခြင်းနှင့် စီရင်ခြင်းအတွက် ကိုယ်တော်၏ အလင်းပေးသည့် အမြင်၌လည်းကောင်း ပေါ် ထွန်းခဲ့သည် – အငယ်၊၆[က–ဂ]။

ဃ။ ခရစ်တော်သည် ကိုယ်တော့်အလုပ်နှင့် လှုပ်ရှားမှု၏ ရောင်ခြည်တော်၌လည်းကောင်း၊ လူများကို တရားစီရင်ခြင်းအတွက် ပြင်းထန်သည့်စကားပြောခြင်း၌လည်းကောင်း ပေါ် ထွန်းခဲ့သည် – အငယ်၊၆[ဃ–င]။

ခ။ ဒံယေလ၊၁၀ ရှိ ဝိညာဉ်ရေးရာမြင်ကွင်း၌ ကောင်းသောဝိညာဉ်များနှင့် ဆိုးသောဝိညာဉ်များ နှစ်ခုစလုံးတို့သည် မျက်မြင်မရသော ဝိညာဉ်ရေးရာစစ်ပွဲ၌ ပါဝင်ဆင်နွှဲနေသည် – အငယ်၊၁၂–၁၃၊ ၂၀–၂၁။

၁။ ဒံယေလသည် ဆုတောင်းလျက်နေစဉ် (အငယ်၊ ၂–၃)၊ ဝိညာဉ်ဆိုင်ရာ အားထုတ်ရုန်းကန်မှုသည် လေထဲ၌ စာတန်နှင့်ဆိုင်သည့် ဝိညာဉ်များနှင့် ဘုရားသခင်နှင့်ဆိုင်သည့် ဝိညာဉ်များ နှစ်ခုအကြား ဖြစ်ပွားလျက်ရှိသည်။

၂။ မြင်ကွင်း၏ နောက်ကွယ်တွင် ဝိညာဉ်ဆိုင်ရာ အားထုတ်ရုန်းကန်မှု၊ လူသားမျက်စိဖြင့် မမြင်ရသည့် အားထုတ်ရုန်းကန်မှုသည် ဖြစ်ပျက်နေကြောင်း ကျွန်ုပ်တို့မြင်ရန် အရေးကြီးလှပေသည်။

ဂ။ လူသားအစိုးရများအကြား အားထုတ်ရုန်းကန်မှုများဖြစ်ပျက်နေသည့်အလျောက်၊ ဘုရားသခင်သည် ကမ္ဘာလောက၏ အခြေအနေကို မြင်ကွင်းနောက်ကွယ်မှ စီမံလျက်ရှိနေသည် – ၇း၁၀။

## III. ခရစ်တော်သည် ဘုရားသခင်၏ထာဝရစီမံကိန်းအတိုင်း ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အလယ်ဗဟိုဖြစ်သည် – ဗျာ၊ ၅း၆။ ၂၂း၁။

က။ ကိုယ်တော်၏ တက်ကြွခြင်း၌ ခရစ်တော်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း၊ ကိုယ်တော်၏ အုပ်စိုးမှုဆိုင်ရာ လုပ်ငန်းဆောင်တာကို စီမံဆောင်ရွက်ရန် ပလ္လင်ပေါ် ချီးမြှောက်ခံရပြီဖြစ်သည် – ဟေဗြဲ၊၁၂း၂။ ဗျာ၊၃း၂၁။ ၂၂း၁။ ၅း၆။

၁။ ပလ္လင်တော်ပေါ် ထိုင်နေသောအရှင်သည် ဘုရားသခင်ဖြစ်ရုံမျှသာမက လူသားလည်းဖြစ်သည်။ ကိုယ်တော်သည် ဘုရား–လူ၊ လူ–ဘုရား၊ ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည် – တ၊၇း၅၆။

၂။ သခင်ယေရှုသည် ကားတိုင်ပေါ် အသေခံပြီး မြှုပ်နှံခံရပြီးနောက် ဘုရားသခင်သည် သူ့ကို ရှင်ပြန်ထမြောက်စေကာ၊ ကိုယ်တော့်လက်ယာတော်ဘက်၌ ထိုင်စေပြီး၊ စကြဝဠာတစ်ခုလုံး၏ သခင်ဘုရားဖြစ်စေတော်မူသည် – ၂း၃၄–၃၆။ ဖိ၊၂း၅–၁၁။

ခ။ ပလ္လင်ပေါ် စိုးစံသော ခရစ်တော်၊ ဘုရားသခင်၏ စကြဝဠာဆိုင်ရာ အုပ်စိုးမှု၌ ကောင်းကင်ဆိုင်ရာ စီမံခန့်ခွဲသူဖြစ်သောအရှင်သည် ထိုက်တန်တော်မူသော ခြင်္သေ့–သိုးသငယ်၊ အောင်မြင်သော ရွေးနုတ်ရှင်ဖြစ်သည် – ဗျာ၊၅း၁–၁၄။

၁။ ခြင်္သေ့အနေဖြင့် ကိုယ်တော်သည် ရန်သူ စာတန်ကို ဆန့်ကျင်တိုက်ခိုက်သူဖြစ်သည်။ သိုးသငယ်အဖြစ် ကိုယ်တော်သည် ရွေးနုတ်ရှင်ဖြစ်သည် – အငယ်၊၅–၆။

၂။ ခရစ်တော်သည် စာတန်၏ ပုန်ကန်ခြင်းနှင့် လူ၏ ကျဆင်းခြင်း ပြဿနာများကို ဖြေရှင်းခဲ့ပြီးဖြစ်သောကြောင့် ကိုယ်တော်သည် ဘုရားသခင့်စီမံကိန်း စာလိပ်ကို ဖွင့်ရန် ထိုက်တန်တော်မူသည် – အငယ်၊၁–၇။

၃။ သိုးသငယ်၊ ရွေးနုတ်ရှင်၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် ကားတိုင်ပေါ် အသေခံရသောအရှင်သည် ယခုတွင် ပလ္လင်တော်ပေါ် ရှိနေပြီး၊ စကြဝဠာတစ်ခုလုံးအပေါ် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်နေသည်။

၄။ စကြဝဠာ၏ သခင်သည် လူ၊ ဘုရား–လူ၊ လူ–ဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ရန် လိုအပ်သည် – ယော၊၁း ၂၆။

ဂ။ တက်ကြွခြင်းနှင့် ပလ္လင်ပေါ် စိုးစံခြင်း၌ ခရစ်တော်သည် မြေကြီးရှင်ဘုရင်များအားလုံးကို အစိုးရသူဖြစ်သည် – ဗျာ၊၁း၅။

၁။ ခရစ်တော်သည် ရှင်ဘုရင်များကို အစိုးရသူဖြစ်ခြင်းမှာ ကိုယ်တော်သည် မြေကြီးဆိုင်ရာအုပ်စိုးသူများ၏ အမြင့်ဆုံးအထက်တွင် ရှိကြောင်း ဆိုလိုသည် – ဧ၊၁း ၂၀–၂၂။ ဖိ၊ ၂း၉–၁၁။

၂။ မြေကြီးဆိုင်ရာ အုပ်စိုးသူများသည် စစ်မှန်သည့် အုပ်စိုးသူများမဟုတ်ပါ။ ဘုရင်တကာ့ဘုရင်၊ သခင်တကာ့သခင်ဖြစ်သည့် ခရစ်တော်သည် စစ်မှန်သော အုပ်စိုးသူဖြစ်သည် – ဗျာ၊၁၉း၁၆။

၃။ ခရစ်တော်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို မြေကြီးရှင်ဘုရင်များ၏ အုပ်စိုးသူအဖြစ် ဘုရားသခင်၏ တောက်လောင်လျက်ရှိသော ပလ္လင်တော်ရှေ့တော်၌ ဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါးအားဖြင့် သယ်ဆောင်နေသည် – ၁း၄။ ၄း၅။ ၅း၆။

က။ ကမ္ဘာပေါ် ရှိ အုပ်စိုးသူများအားလုံးသည် ဝိညာဉ်တော်ခုနစ်ပါး၏ တောက်လောက်မှု အောက်တွင် ရှိသည် – ၁း၅။

ခ။ ကမ္ဘာလောကအခြေအနေနှင့် နိုင်ငံတကာကိစ္စရေးရာများသည် ဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါး တည်းဟူသော မီးခွက်ခုနစ်လုံး၏ လောင်ကျွမ်းနေသည့် မီးတောက်အောက်တွင် ရှိနေသည် – ၄း၅။

ဂ။ ဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါးသည် ပလ္လင်တော်ရှေ့၌ လောင်ကျွမ်းနေခြင်းမှာ အသင်းတော်များနှင့် စပ်လျဉ်း၍သာမက၊ အသင်းတော်များအတွက် ကမ္ဘာ့အခြေအနေနှင့်စပ်လျဉ်း၍လည်း ဖြစ်သည် – ၁း၄–၅၊ ၁၁။ ၂၂း၁၆

© 2020 Living Stream Ministry